ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

သတ္တမနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၁ ရက်**

**( ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက် )**

**[သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**စောယှားဖောင်အွာ ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ ၂၅-၅-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွှာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ တိုင်းမြေစစ်အစည်းအဝေး။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အလုပ်အကိုင်နှင့် ပစ္စည်းပြပွဲအခမ်းအနား တက်ရောက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေး။ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဆေးရုံတက်ရောက် ကုသမှုခံယူရန်။ ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးမာန်လောမောင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဆေးရုံတွင် ဆေးကုသမှုခံယူရန်။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်ကျိုန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဆေးရုံတက်ရောက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဗိုလ်ကြီးဒေါ်ပန်းအိစံ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မင်္ဂလာဧည့်ခံပွဲပြုလုပ်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၅)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စာကြည့်တိုက်၊ သိပ္ပံခန်း၊ Multi Media Room နှင့် အားကစားလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စာကြည့်တိုက်၊ သိပ္ပံခန်း၊ Multi Media Room နှင့် အားကစားလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင်ရှိတဲ့ အခြေခံပညာအထက်တန်းကျောင်းများတွင် စာကြည့်တိုက်တို့၊ သိပ္ပံခန်းတို့၊ Multi Media Room နှင့် အားကစားများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

မေးမြန်းလိုတဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံမှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း အတော်များများမှာ ရပ်ရွာလူထုရဲ့ အကူအညီ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေ အသုံးချလျက် စာကြည့်တိုက်၊ သိပ္ပံခန်း၊ Multi Media Room များ တည်ဆောက်ခဲ့ကြောင်း လေ့လာ တွေ့ရှိရပါတယ်။ လက်တွေ့နယ်ပယ်မှာတော့ (၈၅)ရာခိုင်နှုန်းသော အထက်တန်းကျောင်းတွေမှာ သိပ္ပံခန်း အကူမရှိဘူး၊ Multi Media Room မှာ ဆရာမရှိဘူး၊ ကာယဆရာ မရှိခြင်းတို့ကြောင့် ယင်းကိစ္စတွေက အလုပ်မဖြစ်တာပဲ တွေ့ရပါတယ်။ ထို့အတူပဲ စလင်းမြို့နယ်အတွင်းရှိ အထက်တန်း ကျောင်း(၄)ကျောင်းကို ကျွန်တော်နဲ့အဖွဲ့ သွားရောက်လေ့လာတဲ့အခါမှာ ကာယဆရာမရှိ၍ ကာယအချိန် မှာ ကျောင်းသူ၊ ကျောင်းသားတွေက အားကစား ပြုလုပ်နိုင်ခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ယနေ့ မြန်မာနိုင်ငံတော်ရဲ့ အားကစားအဆင့်အတန်းဟာ အရှေ့တောင်အာရှမှာ များစွာ နိမ့်ကျခြင်းသည် ကျောင်းသူ၊ ကျောင်းသားများရဲ့ နယ်ပယ်မှ ထုတ်ယူသုံးစွဲခြင်းမရှိကြောင်း လေ့လာ တွေ့ရှိရပါတယ်။ အထက်တန်းကျောင်းများမှာ အားကစားဖွံ့ဖြိုးလာစေရန် ကျောင်းသူ၊ ကျောင်းသား

ဦးရေ အနည်းအများအလိုက် အားကစားဆရာများကို အမြန်ဆုံး ခန့်ထားပေးမှသာ အားကစား ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် လုပ်ဆောင်ပြီး မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်လာမယ်လို့ သုံးသပ်ရပါတယ်။ ထို့အတူပဲ သိပ္ပံခန်း၊ Multi Media Room များအတွက် လိုအပ်တဲ့ပညာရှင်များ ခန့်ထားပြီး ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးပါက နိုင်ငံတော်အတွက် များစွာအကျိုး ရှိမယ်လို့ ယုံကြည်ပါတယ်။ နောက်တစ်ခု ထပ်ဆင့်ပြီး ပြောလိုတာကတော့၊ တကယ်တော့ စုပေါင်း လုပ်ဆောင်တဲ့ စိတ်ဓာတ်တွေ၊ လူမှုကျင့်ဝတ်တွေဟာ ငယ်ရွယ်စဉ် ကျောင်းသားဘဝမှာ သင်ကြားပေးခြင်း အားဖြင့် နိုင်ငံကို ချစ်ကြတဲ့ နိုင်ငံရဲ့ သားကောင်း၊ သမီးကောင်းများ ဖြစ်လာမှာ အမှန်ပင်ဖြစ်ပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စာကြည့်တိုက်၊ သိပ္ပံခန်း၊ Multi Media Room နှင့် အားကစားလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ပညာရေး ဝန်ကြီးဌာနက အလေးထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်တွင် ဒေသခံတိုင်းရင်းသား ရင်သွေး ငယ်လေးများ ပညာသင်ကြားရေးကို အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ပညာသင် နှစ်တွင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ရှေ့ဝါ နှင့် အခြေခံပညာမူလတန်းလွန်ကျောင်း ကောင်းကော်တို့ကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်တွင် ဒေသခံတိုင်းရင်းသား ရင်သွေးငယ် လေးများ ပညာသင်ကြားရေးကို အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှေ့ဝါနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း ကောင်းကော်တို့ကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ် အမှတ်(၁၂) မဲဆန္ဒနယ်မြေမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ တိုင်းရင်းသား ရင်သွေးငယ်များ၏ ပညာသင်ကြားမှု အဆင့်အတန်း မြှင့်တင်ပေးနိုင်ရေးအတွက် ဤမေးခွန်းကို မေးမြန်းတောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် အခြေခံပညာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သဖြင့် ယခင်ခေတ် အနေအထားထက် စာသင်ကျောင်းများ ပေါများ ထွက်ပေါ်လာခဲ့ပါတယ်။ စာသင်ကျောင်းများအားလုံး သူ့အရပ်ဒေသနှင့်သူ သင့်တင့်မျှတသော အင်အားများဖြင့် ဖွင့်လှစ်သင်ကြားနေကြရပါတယ်။ သို့ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ နေရာတစ်ခု အလှမ်းဝေးကွာခြင်းတို့ကြောင့် တစ်ဆင့်မြင့် ပညာသင်ကြားသော အခွင့်အရေးများဆုံးရှုံးရပါတယ်။ မူလတန်းအောင်မြင်ပြီးသော ကလေးများ အလယ်တန်းအဆင့်သို့ ကူးပြောင်းသင်ကြားရေး၊ အလယ်တန်းအဆင့် ကလေးများအတွက် အထက်တန်းအဆင့် ပညာသင်ကြားခွင့် ရရှိရေးကို ဖန်တီးတည်ဆောက်ပေးရန် လိုအပ်နေပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အောက်ဖော်ပြပါ စာသင်ကျောင်း (၂)ကျောင်းသည် ကျောင်းသားဦးရေနှင့် ဆရာ၊ ဆရာမဦးရေ သင့်တင့်မျှတမှုရှိသဖြင့် လာမည့်နှစ်အတန်းကူးပြောင်းမှု နှုန်းထားများအရ အဆင့်မီသော စာသင်ကျောင်းများအဖြစ်သို့ မြှင့်တင်ပေးရန် လိုအပ်နေပါတယ်။ သို့မှသာ ကလေးများ တစ်ဆက်တစ်စပ်တည်း ပညာသင်ယူခွင့် ရရှိမှာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် အချိန်မီ အဆင့်မြှင့်တင်ပေးရန် လိုသည့်ကျောင်းများမှာ ဟိုပန်ခရိုင်၊ ရှေဝါကျေးရွာအုပ်စု၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ရှေဝါအခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့လည်းကောင်း၊ ဟိုပန်ခရိုင်၊ နောင်မိုကျေးရွာအုပ်စု ကောင်းကော်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း ကောင်းကော်အား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်သို့ မြှင့်တင်ပေးရန်။

သို့ဖြစ်ပါ၍အောက်ပါမေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်တွင် ဒေသခံတိုင်းရင်းသားရင်သွေးငယ်များ ပညာသင်ကြားရေး အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရှေဝါနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း ကောင်းကော်တို့ကို အဆင့်မြှင့်တင်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများ ပြည့်စုံကြပါစေရန် ဦးစွာ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က

မကွေးတိုင်းဒေသကြီး အမှတ်(၆) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းမောင် ၏ မေးခွန်းဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စာကြည့်တိုက်၊ သိပ္ပံခန်း၊ Multi Media Room နှင့် အားကစားလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဦးစွာ တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ကျောင်း စာကြည့်တိုက်လုပ်ငန်းများ တိုးတက်စေရေးအတွက် ကျောင်းဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေမှ စာကြည့်တိုက် အတွက် လိုအပ်သော စာအုပ်စာတမ်းများ ဝယ်ယူသုံးစွဲရန်၊ စာအုပ်များကို စနစ်တကျ စာရင်းသွင်းရန်၊ နေ့စဉ် စာအုပ်ငှားရမ်းမှု ဆောင်ရွက်ရန်၊ ကျောင်းသူ ကျောင်းသားများ အားလပ်ချိန်တွင် အတန်းလိုက် အလှည့်ကျ ဖတ်ရှုခွင့်ရရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အခြေခံပညာ ကျောင်းများတွင် သိပ္ပံလက်တွေ့ခန်းများ ဆောင်ရွက်နိုင်ရန် သိပ္ပံခန်းများ တည်ဆောက်ပေးပြီး အကယ်၍ အဆောက်အဦ သီးသန့်မရှိပါက စာသင်ခန်းတွင်းသို့ လက်တွေ့ပစ္စည်းရယူ၍ လက်တွေ့ ပြသခြင်း၊ သင်ကြားမှုမှတ်တမ်းများ ထားရှိသင်ကြားစေခြင်း၊ သိပ္ပံ ဆရာ၊ ဆရာမများကို လပိုင်း မာတိကာအရ လက်တွေ့သင်ခန်းစာများ ဆောင်ရွက်နိုင်ရန် သင်တန်းများ ဆောင်ရွက်ပေးခြင်း၊ Multi Media Room များတွင် ကွန်ပျူတာသင်တန်းဆင်းများနှင့် ကွန်ပျူတာအခြေခံသင်တန်းဆင်းပြီးသော ဆရာ၊ ဆရာမများက လေ့ကျင့်သင်ကြားပေးပါကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ကာယ ဆရာ၊ ဆရာမများ ခန့်ထား ရာတွင် လုပ်ငန်းခွင်အတွင်းမှ ဘွဲ့ရ မူလတန်းပြများ၊ ဘွဲ့ရ ရုံးဝန်ထမ်းများအား အလယ်တန်းပြ ကာယရာထူးသို့ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ မူလတန်းကျောင်းမှ အလယ်တန်းပြ ကာယသို့ ရာထူးတိုးမြှင့် ဆောင်ရွက်ပေးနိုင်ရန်အတွက်လည်းကောင်း၊ ကာယပညာနှင့် အားကစား အခြေခံနည်းပြသင်တန်းများ တစ်လခွဲသင်တန်းပေး၍ သင်တန်းပြီးမြောက်သူများကို အလယ်တန်းပြ ကာယအဆင့်သို့ တာဝန်ပေးခန့်အပ်ခဲ့ပါတယ်။ အလယ်တန်းပြ ကာယရာထူးများတွင် အနည်းဆုံး လုပ်သက်(၂)နှစ်ပြည့်ပြီး ရာထူးတိုးမြှင့် ခန့်ထားရေးမူနှင့်ကိုက်ညီသူများအား အထက်တန်းပြ ကာယ ရာထူးသို့ လျှောက်ထားခွင့်ပြုပြီး ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကာယပညာနှင့်အားကစား အခြေခံနည်းပြသင်တန်းများတွင် ကာယပညာဘာသာရပ်၊ စစ်ရေးပြ ဘာသာရပ်၊ အားကစားနှင့် ဆေးပညာဘာသာရပ်များအပြင် အခြေခံအားကစားနည်းကြီး (၆)မျိုးဖြစ် သော ဘောလုံး၊ ဘောလီဘော၊ ဘတ်စ်ကက်ဘော၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ပြေးခုန်ပစ်စသော အားကစားနည်းများကို ပို့ချလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အခြေခံပညာအလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများအား အထက် ဖော်ပြပါ အားကစားနည်းများအလိုက် အခြေခံမှစတင်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် ကျောင်းအဆင့်ပြိုင်ပွဲ၊ မြို့နယ်အဆင့်ပြိုင်ပွဲ၊ တိုင်းအဆင့် အားကစား ပြိုင်ပွဲများကို ကျင်းပပြုလုပ်ဆောင်ရွက်ပေးတဲ့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်

ညှိနှိုင်းပူးပေါင်းပြီး နွေရာသီ အားကစားသင်တန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အလျဉ်းသင့်လို့ အခြေခံပညာဦးစီးဌာနရှိ ကျောင်းများမှာ ခန့်ထားဆောင်ရွက်လျက်ရှိတဲ့ အထက်တန်းပြ ကာယဆရာပေါင်း (၁၅၅၃)ဦး၊ အလယ်တန်းပြ ကာယဆရာပေါင်း (၇၆၀)ဦး ခန့်ထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မကွေးတိုင်းဒေသကြီးမှာ အခြေခံပညာအထက်တန်းအဆင့် ကာယဆရာ ခန့်ထား(၁၀၄)ဦး၊ အလယ်တန်းအဆင့် ကာယဆရာ ခန့်ထား(၇၇)ဦးရှိပါကြောင်း တင်ပြအပ်ပါတယ်။ စလင်းမြို့နယ်အတွက်ကတော့ လောလောဆယ်အားဖြင့် အထက်တန်းပြဆရာ မြို့နယ်တွင်း(၂)ဦး ခန့်ထားနိုင်ပြီး၊ အလယ်တန်းပြဆရာ(၄)ဦး ခန့်ထားနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ လစ်လပ်နေရာများကို ဆက်လက်ဖြည့်ဆည်းနိုင်ရန် ကာယဆရာ၊ ဆရာမများအတွက် ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၀)ကို ဆက်လက်ဖွင့်လှစ်ပြီး ဖြည့်ဆည်းရန် ဆောင်ရွက်ပေးမည့်အပြင် ကျွန်တော်တို့ B.Sc (Sport)သိပ္ပံဘွဲ့ အားကစားပညာသိပ္ပံဘွဲ့ ရရှိသူများကိုလည်း ဖြည့်ဆည်းခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံပညာကျောင်းများအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ သိပ္ပံဆောင် (၁၄၇)ဆောင်၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စာကြည့်တိုက်(၁၀)ဆောင်၊ သိပ္ပံဆောင် (၃၀)ဆောင် တည်ဆောက်ပေးတဲ့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ(၆)လတွင် စာကြည့်တိုက်(၆၁)ဆောင်၊ သိပ္ပံဆောင် (၄၃) ဆောင် တည်ဆောက်ရန် ရန်ပုံငွေများ ခွဲဝေဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဘဏ္ဍာငွေများ ခွဲဝေသတ်မှတ်ရာမှာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံပညာကျောင်းများအတွက် အန္တရာယ်ရှိကျောင်းများဖြစ်လို့ ပြန်လည်တည်ဆောက်ရန် လိုအပ်ချက်များ၊ ကျောင်းသားဦးရေ တိုးလာတဲ့အတွက် တိုးချဲ့ဆောက်လုပ်ရန် လိုအပ်တဲ့ စာသင်ဆောင်များ၊ ကျောင်းများ၊ ဆရာ၊ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာများကို ပထမဦးစားပေးအနေနဲ့ ဘဏ္ဍာငွေ ခွင့်ပြုသလောက် ဆောင်ရွက်ရပါကြောင်းနှင့် ဘဏ္ဍာငွေ ခွင့်ပြုချက်အရ လိုအပ်တဲ့ စာကြည့်တိုက်များ၊ သိပ္ပံခန်းများကိုလည်း ဆက်လက်လျာထား ဖြည့်ဆည်းမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းစံအောင် ၏ မေးခွန်းဖြစ်သော ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်တွင် ဒေသခံတိုင်းရင်းသားရင်သွေးငယ်လေးများ ပညာသင်ကြားရေးကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရွှေဝါနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း ကောင်းကော်တို့ကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံ

ပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရန် သတ်မှတ်မှုများအနေဖြင့် အလယ်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၂၄၀)ဦးနှင့် အထက်ရှိခြင်း၊ မြေပြန့်ဒေသတွင် အနီးဆုံး အလယ်တန်း အဆင့်သင်ကျောင်း(၃)မိုင် အထက်ကွာဝေးခြင်း သို့မဟုတ် သွားလာရေးခက်ခဲသော တောင်တန်း၊ မြစ်ချောင်း ပေါ်များသည့်ဒေသဖြစ်ပါက အနီးဆုံး အလယ်တန်းအဆင့်သင်ကျောင်းနှင့် (၂)မိုင်အထက် ကွာဝေးခြင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ်သို့ အဆင့်တိုးမြှင့်ရန် သတ်မှတ်ချက်မှုအနေနဲ့ အလယ်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၂၀၀)ဦးနှင့် အထက်ရှိခြင်း၊ မြေပြန့်ဒေသတွင် အနီးဆုံး အလယ်တန်းအဆင့်သင်ကျောင်း (၃)မိုင်နှင့်အထက် ကွာဝေးခြင်း သို့မဟုတ် သွားလာရေးခက်ခဲသော တောင်တန်း၊ မြစ်ချောင်းပေါ်များသည့် ဒေသ ဖြစ်ပါက အနီးဆုံးအလယ်တန်းအဆင့်သင်ကျောင်းမှ (၂)မိုင်အထက် ကွာဝေးခြင်းတို့ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့သော ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ရွှေဝါအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား (၆၅)ဦးခန့်သာ ရှိပါတယ်။ အနီးဆုံးကျောင်းနှင့်လည်း ဟိုပန် အခြေခံပညာအထက်တန်းကျောင်းနှင့် (၂)မိုင်ခန့် အကွာအဝေးမှာ ရှိပါတယ်။ ကောင်းကော် အခြေခံ ပညာမူလတန်းလွန်ကျောင်း၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ စုစုပေါင်းအလယ်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၅၄)ဦးခန့် ရှိပါတယ်။ အနီးဆုံးကျောင်းဖြစ်သော ဟိုပန်အခြေခံပညာ အထက်တန်းကျောင်းနှင့် (၂)မိုင်အသီးသီး ကွာဝေးပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီး၏ တင်ပြချက်အရလည်းကောင်း၊ ဒီ ဒေသခံပြည်သူများရဲ့ဆန္ဒ ပြည့်ဝစေရေး အတွက်လည်းကောင်း၊ ကျွန်တော်တို့ ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ယင်း(၂)ကျောင်းလုံးကို ကျောင်းအဆင့်တိုးရေး တင်ပြဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ မနေ့ကပဲ အစိုးရအဖွဲ့အစည်းအဝေးက ခွင့်ပြုပြီးဖြစ်ပါသဖြင့် ယခုနှစ် ကျောင်းဖွင့်အမီ ကျောင်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေး ခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၅။**

**နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ပြင်သစ်နိုင်ငံမှာ ပြုလုပ်တဲ့ UNFCC ရဲ့ အစည်းအဝေးမှာ ကျွန်မတို့ မြန်မာနိုင်ငံက ကတိကဝတ်ပြုခဲ့ရပါတယ်။ အဲဒီအတွက် ကျွန်မတို့ သစ်တော (၃၀)ရာခိုင်နှုန်းပြည့်မီဖို့အတွက် ကြိုးစားဖို့ လိုအပ်နေပါတယ်။ ဒါကြောင့်မို့လို့ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေကို ပြင်ဆင်ဖို့ လိုအပ်နေပါတယ်။ ဒီလို ပြင်ဆင်တဲ့နေရာမှာ အများပြည်သူ ထိခိုက်မှုမရှိဖို့၊ အကာအကွယ်ရဖို့၊ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ ဥပဒေပြင်ဆင်မှုက အရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ်ပါတယ်။ ပထမဆုံးအနေနဲ့ အခန်း(၁)၊ အပိုဒ် ၂၊ (ည) မှာ Slide ပါအတိုင်း စီမံခန့်ခွဲခွင့်ဆိုတဲ့ စာသားကို ထည့်သွင်းချင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ တည်ဆဲဥပဒေတွေအရ risk line တွေကို အစိုးရကိုယ်စား အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက စီမံခန့်ခွဲမှုတွေ ရှိနေပါတယ်။ အခုချိန်မှာ စက်မှုဇုံတွေ၊ စီးပွားရေးဇုန်တွေ ထုတ်ပေးနေတာတွေလည်း ရှိပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေအရ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေး ဗဟိုကော်မတီက စီမံအုပ်ချုပ်တဲ့မြေတွေလည်း ရှိပါတယ်။ အခု သစ်တောဥပဒေမှာပါတဲ့ စီမံခန့်ခွဲခွင့် ရှိတဲ့မြေတွေဟာ မြေပြင်မှာ နေရာတူညီမှုများ ရှိနေပါတယ်။ ဥပဒေချင်း ပဋိပက္ခ၊ ဌာနချင်း ပဋိပက္ခ အသွင်ကို ရောက်နေတာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီမှုနှင့် ဒီ စီမံခန့်ခွဲမှုကို ခွဲခြားပေးဖို့ လိုအပ်နေပါတယ်။

ကျွန်မရဲ့ မဲဆန္ဒနယ်မြေမှာ ဆိုရင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် မြေစာရင်းဦးစီးဌာနမှာ အမည်ပေါက်နေတဲ့ မြေနေရာတွေမှာ သစ်တောစိုက်ခင်းတွေ ရှိနေပါတယ်။ ဒေသန္တရအုပ်ချုပ်ရေး ထဲမှာရှိနေတဲ့ ကျေးရွာ၊ ရပ်ကွက်၊ မြေတွေဟာ သစ်တောကြိုးဝိုင်းထဲမှာ ရောက်နေတာ ရှိပါတယ်။ ဆက်လက်ပြီးတော့ အခန်း(၁)၊ အပိုဒ် ၂၊ (ဋ)မှာ Slide ပါအတိုင်းပဲ။ စိုက်ပျိုးထားခြင်း မဟုတ်ဘဲ ပေါက်ရောက်နေသောဆိုတဲ့ စာသားကို ပြောင်းလဲထည့်သွင်းချင်ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်မြေ မှာဆိုရင် ကြိုးဝိုင်း၊ ကြိုးပြင် သတ်မှတ်တာကို မသိဘဲနဲ့ ဓားမဦးချ လုပ်ကိုင်လာတဲ့ စိုက်ပျိုးတောင်သူ (၉၀)ရာခိုင်နှုန်း ရှိပါတယ်။ အဲဒီအထဲမှာ ကျွန်မတို့ရဲ့ စိုက်ပျိုးသီးနှံတွေ နှစ်ရှည် စိုက်ပျိုးသီးနှံတွေ ဖြစ်တဲ့ ဖာလာ၊ ရာဘာ၊ ကော်ဖီ၊ ဒါတွေ စိုက်ပျိုးထားခြင်းဖြစ်တဲ့အတွက်ကြောင့် သစ်တောထွက် ပစ္စည်းအဖြစ် သတ်မှတ်ထားခြင်းကို ပယ်ဖျက်ပေးစေချင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစာပိုဒ်ကို ထည့်သွင်း ရခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ (ဋ) Slide ပါအတိုင်းပဲ။ ဝန်ကြီးက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆိုပြီးတော့ ထည့်သွင်းချင်ပါတယ်။ ဝန်ကြီးက အမိန့်ကြော်ငြာသတ်မှတ်မှသာလျှင် အများပြည်သူ သိရှိနိုင်မှာ ဖြစ်ပါတယ်။ ဥပဒေကို အများပြည်သူ သိရှိမှုမရှိဘူးဆိုရင် လိုက်နာဆောင်ရွက်ဖို့ ခက်ခဲမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဋ)၊ (ဋ)မှာ Slide ပါအတိုင်းပဲ။ ဝန်ကြီးက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆိုပြီးတော့ ထပ်မံထည့်သွင်းချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်မတို့ တားမြစ်အပင်အနေနဲ့ ဝန်ကြီးက သတ်မှတ်ကြေညာထားပြီးသား ဥပမာ - ကျွန်းတို့ ဘာတို့ ရှိပါတယ်။ ဒီမှာ ပြည်သူ့လွှတ်တော်က အတည်ပြုလာတဲ့ တမလန်းဆိုတာက တမလန်းကဲ့သို့သော သစ်မာပင်တွေက အများကြီးရှိပါသေးတယ်။ ဒါကြောင့်မို့လို့ ဒီ တမလန်းကို ပယ်ဖျက်ပြီးတဲ့နောက် ဝန်ကြီးက အမိန့်ကြော်ငြာစာထုတ်ပြန်၍ဆိုတဲ့ စာသားကို ထည့်သွင်းချင်ပါတယ်။

ဆက်လက်ပြီးတော့ အခန်း(၁)၊ အပိုဒ်(၂)၊ အပိုဒ်ခွဲ(န)မှာ Slide ပါအတိုင်းပဲ အဓိပ္ပာယ်ကို ပြောင်းလဲဖွင့်ဆိုချင်ပါတယ်။ ကျိုးကြောင်းပြချက်အနေနဲ့ကတော့ အဓိပ္ပာယ်ပိုမိုပြည့်စုံဖို့ လိုအပ်သလို ဒေသခံတိုင်းရင်းသားတွေရဲ့ ကိုယ်တိုင်စီမံခန့်ခွဲနိုင်ခွင့်ရှိပြီးတော့ ဓလေ့ထုံးတမ်းတွေနဲ့အညီ လုပ်ကိုင် ဆောင်ရွက်ထားပြီးရှိနေတဲ့ သစ်တောတွေ ရှိပါတယ်။ ဒါကို အသိအမှတ်ပြုပေးစေလိုပါတယ်။ ယခင် အစိုးရလက်ထက်တွေမှာဆိုရင် ချမှတ်ပေးခဲ့တဲ့ အစုအဖွဲ့ပိုင် သစ်တောတွေ၊ ပုဂ္ဂလိကပိုင် သစ်တော တွေဟာ ဒေသခံပြည်သူတွေက ပိုင်ဆိုင်ခြင်းမရှိဘဲနဲ့ လူတစ်စုရဲ့ အကျိုးစီးပွားကို ဦးတည်နေခြင်းမျိုး တွေပဲ ရှိနေပါတယ်။ အဲဒီအပြင် သစ်တောထိန်းသိမ်းတဲ့ အနေအထားမဟုတ်ဘဲနဲ့ သစ်တောတွေ ပြုန်းတီးစေတဲ့ သဘောနဲ့ သစ်ထုတ်လုပ်မှုတွေက များစွာရှိခဲ့တာကို သာဓကအနေနဲ့ တွေ့ရပါတယ်။

အဲဒီအပြင် ကျွန်မတို့ ဒေသခံတွေအနေနဲ့ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးခွင့်ရှိတဲ့ ဓလေ့ထုံးတမ်းအရ လုပ်ဆောင်ခဲ့တဲ့ သစ်တောတွေကို အသိအမှတ်ပြုစေချင်ပါတယ်။ ဥပမာ ဖာပွန်နယ်မှာဆိုရင် ဧကသုံးသိန်းလောက်ရှိတဲ့ ခမောင်းသွယ် သစ်တောမျိုး ရှိနေပါတယ်။ ဆက်လက်ပြီးတော့ အခန်း(၃)၊ ပုဒ်မ ၇ ခြေဆင်းမှာ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီးက၊ ဆက်လက်ပြီးတော့ အပိုဒ်ခွဲ (က)(ခ)(ဂ)ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ဆက်လက်ထားရှိချင်ပါတယ်။ တတိယပုံမှန်အစည်းအဝေးမှာ ကျွန်မမေးခဲ့တဲ့ မေးခွန်းရှိပါတယ်-----

**ဥက္ကဋ္ဌ**။ ။ အချိန်စေ့သွားပါပြီ။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၁။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ သစ်တောဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့

၊ လက်ရှိ မြန်မာနိုင်ငံရဲ့ သစ်တောလွှမ်းခြုံမှု ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ၂၀၁၅ ခုနှစ်မှာ ပြင်သစ်နိုင်ငံမှာ ပြုလုပ်တဲ့ UNFCC မှာ သစ်တောလွှမ်းခြုံမှု (၃၀)ရာခိုင်နှုန်းရှိဖို့အတွက်၊ ကတိကဝတ်ပြုခဲ့တဲ့အတွက်ကြောင့် ဒီ သစ်တောဥပဒေကြမ်းက အင်မတန်မှ အရေးကြီးပါတယ်။ ဒါကတော့ ပြင်ဆင်လိုတဲ့ အပိုဒ်များဖြစ်ပါတယ်။ အခန်း (၃)၊ အပိုဒ် ၄ မှာ အခြားကြိုးဝိုင်းတော အမျိုးအစား အစားကို ဒေသခံပြည်သူများ စီမံခန့်ခွဲတဲ့ကြိုးဝိုင်းများ ဆိုတာကို အကြံပြုချင်ပါတယ်။

ရှင်းလင်းချက်ကတော့ လက်ရှိမှာ ဒေသခံတိုင်းရင်းသား ဒေသများမှာ မိမိတို့ မိရိုးဖလာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိတဲ့ သစ်တောမြေနေရာများ ရှိတဲ့အတွက်ကြောင့် တရားဝင်ဖြစ်စေရန် အသိအမှတ်ပြုပေးဖို့ ဖြစ်ပါတယ်။ နည်းဥပဒေမှာတော့ ဒေသခံပြည်သူတွေ စီမံအုပ်ချုပ်တဲ့ လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီးတော့ အသေးစိတ်ပြဋ္ဌာန်းဖို့လိုပါတယ်။ ဒုတိယအချက်ကတော့ အခန်း(၃)၊ အပိုဒ် ၅ ထပ်ထည့်ချင်ပါတယ်။ (စ)ကို ထပ်ထည့်ချင်ပါတယ်။ အဲဒီဟာကတော့ ဒေသခံများမှ မိမိတို့ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသော သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းဆိုတဲ့ အပိုဒ်ကို ထပ်ပြီးတော့ ထည့်ချင်ပါတယ်။

ရှင်းလင်းချက်ကတော့ လက်ရှိမှာ ဒေသခံတိုင်းရင်းသားဒေသများမှာ မိမိတို့ မိရိုးဖလာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိတဲ့ သစ်တောမြေနေရာများရှိတဲ့အတွက်ကြောင့် တရားဝင်ဖြစ်စေရန် အသိအမှတ်ပြုပေးဖို့အတွက် ဖြစ်ပါတယ်။ အခန်း (၃)၊ အပိုဒ် ၇ မှာ (ဃ)ကိုလည်း ထပ်မံပြီးတော့ ထည့်ချင်တာကတော့ ဒေသခံများမှ ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသည့် သဘာဝသစ်တောများနှင့် ဒီရေတောများကို အသိအမှတ်ပြုနိုင်ပါသည်ဆိုတဲ့ အပိုဒ်ကို ထပ်ပြီးတော့ ထည့်ချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျေးလက်ဒေသများမှာ အများအားဖြင့် ဘာသာရေးအရသော်လည်းကောင်း၊ ဓလေ့ထုံးတမ်းအရသော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောပြုန်းတီးခြင်းမှ ကာကွယ်တဲ့ ကိုယ်ပိုင်သတ်မှတ်ထားတဲ့ ဓလေ့ထုံးတမ်းဥပဒေများနှင့် တောရိုင်းတိရစ္ဆာန်တွေ၊ ဒီရေတောတွေ၊ ရေဝေရေလဲထိန်းတဲ့ဒေသတွေ၊ ပရဆေးထိန်းတောတွေ၊ ယဉ်ကျေးမှုသစ်တောစတဲ့ ထိန်းသိမ်းထားတဲ့ သစ်တောမြေဇကများစွာ ရှိပါတယ်။ မျက်မှောက်ကာလမှာ အဲဒီအလေ့အထတွေကို တရားဥပဒေအရ အသိအမှတ်ပြုပေးဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုပေါ်ပေါက်လာတဲ့ စီမံကိန်းတွေ၊ ဖွံ့ဖြိုးရေးကဏ္ဍတွေကြောင့် အထက်ဖော်ပြပါ ဓလေ့ထုံးတမ်းအရ ကာကွယ်ထားတဲ့ သစ်တောများဟာ တိမ်ကောပပျောက်တဲ့ အန္တရာယ်နဲ့ ကြုံတွေ့ရလျက်ရှိပါတယ်။ တစ်ဖက်မှာတော့ သစ်တောဥပဒေအရ အစုအဖွဲ့ပိုင်သစ်တောလျှောက်ထားခွင့်ရှိပါတယ်။ ဒါပေမယ့်လည်း ကန့်သတ်ချက်အလွန်များတဲ့အတွက်ကြောင့် ဒီ ဌာနေ၊ ဒေသ၊ လူထုရဲ့ ရှိရင်းစွဲ ဓလေ့ထုံးတမ်း ဥပဒေနဲ့ ၎င်းတို့ ကိုယ်တိုင်စီမံခန့်ခွဲတဲ့ အလေ့အထကို ဥပဒေအရ အသိအမှတ်ပြုခြင်းဟာဆိုလို့ရှိရင် ရေရှည် သစ်တောကို ထိန်းသိမ်းတဲ့ အလေ့အထကို ထောက်မပေးမှာ ဖြစ်ပါတယ်။

ဒါကတော့ တနင်္သာရီတိုင်းဒေသကြီးမှာ လက်တွေ့ကျင့်သုံးနေတဲ့ ဌာနေတိုင်းရင်းသား စီမံခန့်ခွဲတဲ့ ထိန်းသိမ်းရေးသစ်တော ဖြစ်ပါတယ်။ သူတို့ဟာဆိုလို့ရှိရင် ပရဆေးကျွမ်းကျင်တဲ့အဖွဲ့၊ သစ်တောကျွမ်းကျင်တဲ့အဖွဲ့၊ ဟင်းသီးဟင်းရွက်ကျွမ်းကျင်အဖွဲ့၊ တောရိုင်းတိရစ္ဆာန်ကျွမ်းကျင်အဖွဲ့၊ လက်မှုပညာ၊ ရွှေ့ပြောင်းတောင်ယာ ဆိုပြီးတော့ အဲဒီလို အဖွဲ့လေးတွေကို ဖွဲ့ပြီးတော့မှ လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ ဒါကတော့ ဒီ ဌာနေတိုင်းရင်းသားတွေကိုယ်တိုင် ကွင်းဆင်းပြီးတော့မှ မြစ်၊ ချောင်းနှင့် သစ်တောဂေဟစနစ်ကို စောင့်ကြည့်လေ့လာတဲ့ monitoring System နဲ့ တည်ဆောက်ပြီး ဖြစ်ပါတယ်။ ဒီမှာဆိုလို့ရှိရင် ဌာနေ ဒေသခံပြည်သူတွေကိုယ်တိုင် သစ်တောတွေကို ကာကွယ်တာတွေ၊ သူတို့ကိုယ်တိုင် ဒီသစ်ပင်တွေ၊ လုံးပတ်တွေကို တိုင်းတာပြီးတော့ အဲဒါတွေကို ခုတ်ခြင်းမပြုအောင် ကာကွယ်တာတွေကိုလည်းပဲ လုပ်တယ်။ မီးတားလမ်းတွေကိုလည်း သူတို့ကိုယ်တိုင် ခုတ်ထွင်ရှင်းလင်းပြီးတော့ လုပ်ထားတာကို တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ အခု ကျွန်မတင်ပြခဲ့တဲ့ အချက်(၃)ချက်ကတော့ အထူးသဖြင့်တော့ ဌာနေတိုင်းရင်းသားတွေရဲ့ မိရိုးဖလာထုံးတမ်းအစဉ်အလာတွေနဲ့ ညီညွတ်တဲ့သစ်တောများကိုလည်းပဲ ကျွန်မတို့ ကာကွယ်တဲ့အနေနဲ့ ဒေသခံပြည်သူများ စီမံခန့်ခွဲခွင့်ရှိသည့် ကြိုးဝိုင်းများဆိုတာကို ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဌာနေတိုင်းရင်းသားစီမံခန့်ခွဲသည့် ထိန်းသိမ်းရေးသစ်တော၏ မြင်ကွင်းပုံ (၄)



မြစ်ချောင်းနှင့် သစ်တော၏ ဂေဟစနစ်ကိုစောင့်ကြည့်လေ့လာခြင်း မြင်ကွင်းပုံ (၄-၁)



ထိန်းသိမ်းရေးနယ်မြေသတ်မှတ်ခြင်း၏ မြင်ကွင်းပုံ (၄-၂)



**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးနှင့် ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင် ဒေါ်သီရိရတနာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ သစ်တောဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့မှ ပြင်ဆင်ချင်တဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို ဆွေးနွေးသွားပါမယ်။ အခန်း(၅)၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲငယ်(က)၊ အပိုဒ်ခွဲငယ်(ခ)တို့ကို ပြင်ဆင်ချင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ သစ်တောဥပဒေကြမ်း အခန်း(၅)၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲငယ်(က)မှာပါတဲ့ ဝန်ကြီးဌာနသည် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို သစ်တောနယ်မြေတွင် သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ပုဂ္ဂလိကသစ်တောစိုက်ခင်း၊ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းကို အောက်ပါသစ်တောမြေ ဧရိယာသတ်မှတ်ချက်အတိုင်း ညွှန်ကြားရေးမှူးချုပ်မှ ခွင့်ပြုချက်ထုတ်ပြန်ရန်။ (က) အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုဂ္ဂလိက သစ်တောစိုက်ခင်းတည်ထောင်ခြင်း သို့မဟုတ် ပုဂ္ဂလိက ကျွန်းစိုက်ခင်း တည်ထောင်ခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဧက(၅၀၀)အထိ ဆောင်ရွက်ခွင့်ပြုနိုင်သည်ဆိုတဲ့နေရာမှာ ဧက(၂၀၀)အထိ ဆောင်ရွက်ခွင့်ပြုနိုင်သည်လို့ ကျွန်မအနေနဲ့ လျှော့ချပြင်ဆင်ချင်ပါတယ်။

ပြင်ဆင်ချင်တဲ့ ကျိုးကြောင်းပြချက်ကတော့ ကျွန်မတို့နိုင်ငံမှာ သစ်တောတွေဟာ ကုန်သလောက်ရှိနေပေမယ့်လို့ နိုင်ငံရဲ့အချို့နေရာတွေမှာ သစ်တောဖုံးလွှမ်းမှု ဧရိယာတွေလည်း ရှိနေဆဲပဲ ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်မတို့ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်စတဲ့ ဒေသတွေမှာ သစ်တောဖုံးလွှမ်းမှုဧရိယာဟာ ထိုက်သင့်သလောက်ရှိနေသေးတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိ ရှိနေတဲ့ သစ်တောအကောင်းတွေကို ခုတ်ထွင်ရှင်းလင်းပြီးတော့မှ စိုက်ခင်းတွေတည်ထောင်ဖို့ ဧကများစွာ ခွင့်ပြုလိုက်ခြင်းဟာ တစ်နည်းအားဖြင့် သစ်ခုတ်ခွင့်နှင့် တောမီးရှို့ခွင့် ပေးလိုက်သလို ဖြစ်ပါတယ်။ ခွင့်ပြုလိုက်မယ့် ဧက (၅၀၀)မှာ စိုက်မယ့် ကျွန်းပင်ဟာ ရှင်၊ မရှင် မသေချာပေမယ့်လို့ အဲဒီ ဧက(၅၀၀)မှာရှိတဲ့ သစ်တောတွေ အပြောင်အရှင်းခံရခြင်း၊ တောမီးရှို့ခြင်း ခံရခြင်းအနေနဲ့ ခုတ်ထွင်ရှင်းလင်းခံရမှာတော့ အသေအချာပဲ ဖြစ်ပါတယ်။

ကျွန်မတို့ ပြင်ဆင်ချင်းလိုက်တဲ့ ဥပဒေတစ်ခုဟာ ဆေးအတွက်လေးတာမျိုး မဖြစ်စေဖို့အတွက် ဖြစ်တန်စွမ်းတွေကိုလည်း ထည့်သွင်းစဉ်းစားရင်းနဲ့ ထိန်းသိမ်းဆောင်ရွက်စေနိုင်ဖို့ ပုဒ်မခွဲငယ်(က)မှာ ပါတဲ့ ဧက(၅၀၀)အစား ဧက(၂၀၀)ပဲ ခွင့်ပြုဖို့ ပြင်ဆင်လိုပါတယ်။ ဆက်လက်ပြီး အပိုဒ်ခွဲငယ်(ခ)မှာ ပါတဲ့ နှစ်ရှည် သို့မဟုတ် စက်မှုကုန်ကြမ်း စိုက်ခင်းတည်ထောင်ခြင်း၊ ပုဂ္ဂလိက သစ်မာစိုက်ခင်း တည်ထောင်ခြင်းအတွက် ဧက(၂၀၀)အထိ ဆောင်ရွက်ခွင့်ပြုနိုင်သည် ဆိုတဲ့နေရာမှာ ဧက(၂၀၀) အစား ဧက(၁၀၀)အထိ ဆောင်ရွက်ခွင့်ပြုနိုင်သည်လို့ လျှော့ချ ပြင်ဆင်ချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့

အခုလက်ရှိ ကြိုးဝိုင်းနှင့် ကြိုးပြင်ဧရိယာထဲမှာတောင်မှ သစ်တောဖုံးလွှမ်း ဧရိယာဟာ (၆၀.၄) ရာခိုင်နှုန်းသာ ရှိတယ်လို့ အစီရင်ခံစာများအရ သိရှိရပါတယ်။ သစ်တောမြေတွေကို ရာဘာ၊ ဆီ၊ အုန်း၊ ကြံ စသဖြင့် နှစ်ရှည် သို့မဟုတ် စက်မှုကုန်ကြမ်း စိုက်ခင်းတည်ထောင်ခြင်း၊ ပုဂ္ဂလိက သစ်မာစိုက်ခင်း တည်ထောင်ခြင်းတို့ကို ခွင့်ပြုထားတဲ့အခါမှာ အပြောင်းရှင်းစနစ်နဲ့ သစ်တောတွေ ခုတ်ထွင်ခြင်းခံရ ပါတယ်။

ဒါ့အပြင် ယခင်ခွင့်ပြုချက်ရရှိခဲ့တဲ့ အချို့ကုမ္ပဏီတွေကလည်း ခွင့်ပြုဧရိယာအားလုံးကို ပြည့်မီအောင် မစိုက်ပျိုးနိုင်ခဲ့ခြင်းများ ရှိသလို အချို့ကြိုးဝိုင်း၊ ကြိုးပြင် ခွင့်ပြုဧရိယာများထဲမှာ ရွာသူ၊ ရွာသားတွေ ဥယျာဉ်ခြံမြေတွေကလည်း တည်ရှိနေတဲ့အတွက် အဲဒီလို ကုမ္ပဏီတွေက ဧက ပြည့်မီအောင် မစိုက်ပျိုးနိုင်တဲ့ သူတို့ရဲ့ နဂိုစိုက်ပျိုးတဲ့ ဥယျာဉ်ခြံမြေတွေကို မြေလွတ်၊ မြေရိုင်းထားတာ မြင်နေရတဲ့ ဒေသခံတွေနဲ့ ပဋိပက္ခတွေ ရှိနေတယ်ဆိုတာလည်း အားလုံးသိကြပါတယ်။ လက်ရှိမှာလည်း ကျွန်မ မဲဆန္ဒနယ်မှာ ဖြစ်နေတာလည်း ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဧကလျှော့ချ ခွင့်ပြုဖို့ ပြင်ဆင်သင့်တဲ့ နောက်ထပ်တစ်ချက်ကတော့ သစ်တောဌာနမှရရှိတဲ့ စက်မှုကုန်ကြမ်း စိုက်ခင်းတည်ထောင်ခြင်းအတွက် မြေငှားရမ်းခမှာလည်း လက်ရှိ တစ်ဧကမှာ ကျပ်(၅၀၀)သာ ဖြစ်ပြီးတော့ နောက်နှစ်ကျရင်တော့ ကျပ်(၁၀၀၀)ကို တိုးကောက်မယ်လို့ သိရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့အစိုးရ ရရှိတဲ့ အခွန်ငွေတွေနဲ့ ဆုံးရှုံးရလိုက်တဲ့ သစ်တောတန်ဖိုးဟာ မကာမိအောင် ကြီးမားနေတဲ့အတွက်ကြောင့်မို့လို့ သစ်တောမြေ အမြောက်အမြား ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ဖို့ အပိုဒ်ခွဲငယ် (ခ)မှာပါတဲ့ ဧက(၂၀၀)အစား နှစ်ရှည် သို့မဟုတ် စက်မှုကုန်ကြမ်းစိုက်ခင်း တည်ထောင်ခြင်း၊ ပုဂ္ဂလိကသစ်မာစိုက်ခင်းတည်ထောင်ခြင်းတို့အတွက် ဧက(၁၀၀) အထိ ဆောင်ရွက်ခွင့်ပြုနိုင်သည်လို့ ပြင်ဆင်ချင်ပါတယ်။ ရေရှည်အောင်မြင်ဖြစ်ထွန်းတဲ့ အကျိုးရလဒ်ကို မျက်ဝါးထင်ထင် မြင်လာမှသာ ဧကထပ်တိုးဖို့ ပြင်ဆင်ရင်လည်း နောက်မကျသေးတာကြောင့် သစ်တောဥပဒေကြမ်း အခန်း(၅)၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲငယ်(က)၊ အပိုဒ်ခွဲငယ်(ခ) တို့မှာပါတဲ့ ခွင့်ပြုဧကများကို လျှော့ချဖို့အတွက် အကြံပြုဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၀။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ သစ်တောဥပဒေကို ဆွေးနွေးတဲ့အခါမှာ ဥပဒေပါ စကားရပ်များကို အများပြည်သူရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်ပြီးတော့ ဥပဒေမှာပါတဲ့ ရည်ရွယ်ချက်တွေ အထမြောက်အောင်မြင်စေရေးကို ရှေးရှုပြီးတော့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဆုံးဆွေးနွေးမယ့် အပိုဒ်ကတော့ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ (က)ဖြစ်ပါတယ်။ ကြိုးဝိုင်းတောဆိုသည်မှာ ဤဥပဒေအရ ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းထားသည့် နယ်မြေဟုဆိုသည်လို့ မူလဥပဒေမှာ အကျဉ်းပဲ ပြဋ္ဌာန်းထားပါတယ်။ ဒါကို ကျွန်တော်က အများပြည်သူ ရှင်းလင်းလွယ်ကူစွာ သဘောပေါက်ဖို့အတွက် ကြိုးဝိုင်းတောဆိုသည်မှာ သဘာဝတော၊ တောင်၊ ရေ၊ မြေနှင့် ဇီဝမျိုးစုံ၊ မျိုးကွဲတို့ကို ထိန်းသိမ်းကာကွယ်ရန်၊ သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန် အလို့ငှာ အစိုးရစီမံခန့်ခွဲခွင့်ရှိသော မြေတွင် သစ်တောကြေးတိုင်အရာရှိ ခန့်အပ်၍ ဤဥပဒေအရ ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းထားသော နယ်မြေကို ဆိုသည်လို့ အဓိပ္ပာယ်အကျယ်ဖွင့်ချင်ပါတယ်။ အလားတူပဲ ပုဒ်မ ၂၊ (ခ)မှာ ကြိုးပြင်ကာကွယ်တောဆိုသည်မှာ ဤဥပဒေအရ ကြိုးပြင်ကာကွယ်တော အဖြစ် သတ်မှတ်ကြေညာထားသည့် နယ်မြေကို ဆိုသည်လို့ မူလဥပဒေမှာ အကျဉ်းပဲ ဖွင့်ထားပါတယ်။ ဒါကိုပဲ ကျွန်တော်က ဖြည့်စွက်ပြီးတော့ ကြိုးပြင်ကာကွယ်တောဆိုသည်မှာ သဘာဝတော၊ တောင်၊ ရေ၊ မြေနှင့် ဇီဝမျိုးစုံ၊ မျိုးကွဲတို့ကို ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန်အလို့ငှာ အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေတွင် ညွှန်ကြားရေးမှူးချုပ်ကို တာဝန်ပေးအပ်၍ ဤဥပဒေအရ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာထားသည့် နယ်မြေလို့ အဓိပ္ပာယ်ကို အကျယ်ဖွင့်ချင်ပါတယ်။

အလားတူပဲ ပုဒ်မ ၂၊ (စ)မှာ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းဆိုသည်မှာ ဤဥပဒေ အရ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအဖြစ် သတ်မှတ်ကြေညာထားသည့် သစ်တောထွက် ပစ္စည်းများကို ဆိုသည့်နေရာမှာ စောစောက ကိုယ်စားလှယ်တော်ကြီး တစ်ယောက်ဆွေးနွေးသွား သလိုပဲ။ ဝန်ကြီးက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ဆိုတဲ့ စကားကို ဖြည့်စွက်ပြီးတော့ ကျွန်တော် ပြဋ္ဌာန်းချင်ပါတယ်။ အလားတူပဲ ပုဒ်မ ၂၊ (ဇ)မှာ တားမြစ်သစ်ပင်ဆိုသည်မှာ ကျွန်းပင်နှင့် ဤ ဥပဒေအရ တားမြစ်သစ်ပင်အဖြစ် သတ်မှတ်ကြေညာထားသည့် သစ်ပင်ကို ဆိုသည်လို့ မူလဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကို ကျွန်တော်က တားမြစ်သစ်ပင်ဆိုသည်မှာ မျိုးတုံးလုနီးပါးဖြစ်ခြင်း၊ နေရာ ဒေသနှင့် ယဉ်ကျေးမှုအရ လိုအပ်ခြင်းတို့ကြောင့် ဤဥပဒေအရ ဝန်ကြီးက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တားမြစ်သစ်ပင်အဖြစ် သတ်မှတ်ကြေညာထားသည့် သစ်ပင်ကို ဆိုသည်လို့ ကျွန်တော် အဓိပ္ပာယ်အကျယ် ဖွင့်ချင်ပါတယ်။

ဆက်လက်ပြီး ပုဒ်မ ၂၊ (ဓ)မှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းမှာလည်း မူလ ဥပဒေမှာ ပြဋ္ဌာန်းထားတာနဲ့ ပိုပြီးတော့ လေးနက်တဲ့သဘောလည်းဖြစ်အောင် အများပြည်သူလည်း နားလည်သဘောပေါက်အောင်ဆိုပြီးတော့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုသည်မှာ သစ်တောထွက်ပစ္စည်းနှင့် သစ်တောအရင်းအမြစ်များ ရေရှည်တည်တံ့စေခြင်းအလို့ငှာ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာတို့နှင့်အညီ အစုအဖွဲ့အလိုက်သော်လည်းကောင်း၊ တစ်ဦး၊ တစ်ယောက်ချင်းသော်လည်းကောင်း ဒေသခံပြည်သူများကိုယ်တိုင် ဆောင်ရွက်သည့် သစ်တောလုပ်ငန်း အားလုံးကိုဆိုသည်လို့ ကျွန်တော် အဓိပ္ပာယ်ဖွင့်ချင်ပါတယ်။

ပုဒ်မ ၃ အခန်း(၃) ပုဒ်မ ၇ မှာတော့ ဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့်ဆိုတဲ့နေရာမှာ ဝန်ကြီးသည် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရ

အဖွဲ့၏ သဘောထားမှတ်ချက်ကို ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လို့ ကျွန်တော်ပြင်ဆင်ချင်ပါတယ်။ နောက်တစ်ခုကတော့ အခန်း(၃) ပုဒ်မ ၈ အပိုဒ်ခွဲ (ခ)မှာပါတဲ့ အပိုဒ်ခွဲငယ် (၁)(၂)(၃)(၄)(၅)နဲ့ ပတ်သက်လို့ ဖြစ်ပါတယ်။ ဒီကိစ္စတွေမှာလည်း ဝန်ကြီးက သီးခြားအမိန့် ထုတ်ပြန်ပြီးတော့ သစ်စိုက်ပျိုးသူတွေ၊ သစ်ပင်စိုက်ပျိုးသူတွေကို ပိုင်ဆိုင်ခွင့်ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ သစ်တောရဲ့ ခွင့်ပြုချက်ရယူပြီးမှ ပိုင်ဆိုင်ခွင့်ပေးသင့်တဲ့ ကိစ္စတွေ ဖြစ်ပါတယ်။ ဒါပေမယ့်လို့ ဒီနေရာမှာ အလွန်အကျွံ ပြဋ္ဌာန်းထားတဲ့ကိစ္စတွေဟာ စိုက်ရင်ပဲဖြစ်ဖြစ်၊ အပင်ပေါက်ရင်ပဲဖြစ်ဖြစ်၊ အပင်သေရင်ပဲဖြစ်ဖြစ် သစ်တောမှာ မှတ်ပုံတင်ရမယ်ဆိုတဲ့ ကိစ္စတွေဟာ လက်တွေ့မကျလို့ အဲဒီ ပုဒ်မ ၈ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ် (၁)(၂)(၃)(၄)(၅)ကိုတော့ ကျွန်တော် ဥပဒေကြမ်းမှာပဲ အပြည့်အစုံဆွေးနွေးပြီးတော့ ကျွန်တော် ဒီကိစ္စကိုပြင်ဆင်ဖို့ ဆွေးနွေးပါမယ်။

အလားတူပဲ (၅)ရဲ့နောက်မှာ အပိုဒ်ခွဲငယ်(၅)ရဲ့နောက်မှာ (၆)ကိုလည်း မည်သူမဆို မိမိပိုင်ဆိုင်သောအပင်များကို စီးပွားဖြစ်ခုတ်လှဲထုတ်လုပ်ပါက ဤဥပဒေအရ ထုတ်ပြန်ခွင့် ပြုနိုင်သည့် သစ်တောအရာရှိ၏ ခွင့်ပြုချက်ကို ရယူရမယ်လို့ ကျွန်တော် ပြဋ္ဌာန်းချင်ပါတယ်။ အခန်း(၈) အပိုဒ်ခွဲ (ဂ)မှာ ဝန်ကြီးသည် ဆိုတဲ့စကားနောက်မှာ ဝန်ကြီးသည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူရမယ်ဆိုတာ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ရဲ့ ပူးပေါင်းပါဝင်မှုကို ရယူချင်လို့ ဒီကိစ္စတွေကို ဖြည့်သွင်းခြင်းဖြစ်ပါတယ်။ အလားတူပဲ နောက်ထပ် ပုဒ်မ ၁၃ ကိုလည်း ကျွန်တော်ပြင်ဆင်ဖို့ အချိန်အကန့်အသတ်ကြောင့်မို့လို့ အပြည့်အစုံ မဆွေးနွေးတော့ပါဘူး။

အလားတူပဲ အခန်း (၁၃) ပြစ်မှုနှင့်ပြစ်ဒဏ်ခန်းမှာလည်း ပုဒ်မ ၄၀(က)အောက်မှာရှိတဲ့ အပိုဒ်ခွဲငယ်တွေကိုလည်း တချို့ ပယ်ဖျက်သင့်တာတွေ ကျွန်တော် ပယ်ဖျက်ချင်ပါတယ်။ ဖြည့်စွက်သင့်တာကို ဖြည့်စွက်ချင်ပါတယ်။ ဒီကိစ္စတွေဟာ အများပြည်သူအပေါ်မှာ သက်ရောက်စေတဲ့ ပြစ်မှု၊ ပြစ်ဒဏ်တွေဟာ အများအပြားဖြစ်တဲ့အတွက် ဒါတွေကို ကျွန်တော် ပြင်သင့်တာပြင်ပါမယ်။ ဖျက်သင့်တာ ဖျက်ပါမယ်။ ဟုတ်ကဲ့။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၆။**

**ဦးစိုးဝင်း ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။　။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆွေးနွေးချင်တဲ့အချက်တွေကတော့ အမျိုးသားလွှတ်တော်မှာ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားရဲ့ အခန်း(၃) အပိုဒ် ၆ အပိုဒ် ၇ နှင့် အခန်း(၆) အပိုဒ် ၁၇ တို့ကို ဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျိုးကြောင်းပြဆိုချက်ကိုတော့ နောက်ပိုင်းမှ အချိန်ရရင် ကျွန်တော် ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမ ပြင်ဆင်လိုတဲ့အချက်ကတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၅) အခန်း(၃) ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းဆိုတဲ့ ခေါင်းစဉ်ရဲ့ စာမျက်နှာ(၆) အပိုဒ် ၆ အပိုဒ်ခွဲ (ခ)ကို ပြည်သူ့လွှတ်တော်က မူလအဆိုပြုပြဋ္ဌာန်းချက်များ

အတိုင်း အတည်ပြုထားတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ အပိုဒ်(၆) အပိုဒ်ခွဲ(ခ)ကို ပြန်ပြီးတော့ ကျွန်တော် ဖြည့်စွက်ပြင်ဆင်ချင်တာကတော့ ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိဆိုတဲ့ စကားရပ်ရဲ့နောက်မှာ ဒေသခံပြည်သူတို့နှင့် မဖြစ်မနေတွေ့ဆုံကာ ကြိုးဝိုင်းတောဖွဲ့စည်းမည့်အကြောင်းကို ပွင့်လင်းမြင်သာစွာ ရှင်းပြပြီး ဒေသခံပြည်သူတို့နှင့်ညှိနှိုင်း၍ ရှေ့ကာလကပင် တည်ရှိထားပြီးဖြစ်သည့် ကျေးရွာများ၊ စေတီ ပုထိုး၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းများနှင့် ရေတွင်းရေကန်များအပါအဝင် ဒေသခံပြည်သူတို့ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လယ်ယာဥယျာဉ်ခြံမြေများကို သို့မဟုတ် ကျေးရွာနယ်နိမိတ်မှ (၂)မိုင်အကွာ ပြင်ပရှိတောရိုင်းများကို ချန်လှပ်ကာ ကြိုးဝိုင်းတောဖွဲ့စည်းခြင်းကို ဆောင်ရွက်ရန် ဆိုတဲ့ စကားရပ်ကိုဖြည့်စွက်လိုပါတယ်။ နောက်အပိုဒ်တွေကတော့ ယခင်အတည်ပြုထားတဲ့အတိုင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယပြင်ဆင်လိုတဲ့အချက်ကတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၅) အခန်း(၃)၊ စာမျက်နှာ(၇) အပိုဒ် ၇ အပိုဒ်ခွဲ (က)နဲ့(ခ)တို့ကို ပြည်သူ့လွှတ်တော်က မူလအဆိုပြုပြဋ္ဌာန်းချက်များအတိုင်း အတည်ပြုထားပါတယ်။ ကျွန်တော်က အဲဒီ အတည်ပြုချက် (၂)ရပ်စလုံးကို ဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ အပိုဒ် ၇ အပိုဒ်ခွဲ(က)မှာ ကြိုးဝိုင်းတောတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ကြိုးဝိုင်းတောအမျိုးအစား ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကြိုးဝိုင်းတောအဖြစ်မှပယ်ဖျက်ခြင်း သို့မဟုတ် ကြိုးပြင်ကာကွယ်တောအဖြစ် ပြောင်းလဲသတ်မှတ်ခြင်း ပြုနိုင်သည်ဆိုတဲ့ စကားရပ်ရဲ့နောက်မှာ အဆိုပါကိစ္စများကို ဆောင်ရွက်ပါက ဒေသခံပြည်သူများ သိရှိအောင် နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ကြေညာပေးရမည်ဆိုတဲ့စကားရပ်ကို ဖြည့်စွက်ဆွေးနွေးလိုပြီးတော့ ထိုနည်းတူပါပဲ အပိုဒ် ၇ ရဲ့ အပိုဒ်ခွဲ (ခ)မှာ ဆက်လက်ကာကွယ်ထိန်းသိမ်းထားရန်မလိုအပ်သည့် ကြိုးပြင်ကာကွယ်တောတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ကြိုးပြင်ကာကွယ်တောအဖြစ်မှ ပယ်ဖျက်နိုင်သည်ဆိုတဲ့ စကားရပ်ရဲ့နောက်မှာလည်း ပယ်ဖျက်မည်ဆိုပါက လယ်ယာဥယျာဉ်ခြံမြေများ ရှိထားသည့် အစိတ်အပိုင်းကို ပယ်ဖျက်ရန်ဖြစ်ပြီး အဆိုပါကိစ္စများကို ဒေသခံပြည်သူများသိရှိအောင် နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ကြေညာပေးရမည်ဆိုတဲ့စကားရပ်ကို ဖြည့်စွက်ဆွေးနွေးလိုကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယဆွေးနွေးလိုတဲ့အချက်ကတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၁၃)၊ အခန်း(၆) သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ဆိုတဲ့ ခေါင်းစဉ်ရဲ့ အပိုဒ် ၁၇ ကို ဖြည့်စွက်ဆွေးနွေးလိုတာဖြစ်ပါတယ်။ အပိုဒ် ၁၇ ရဲ့ မူလအဆိုပြုပြဋ္ဌာန်းချက်မှာ သစ်တောထွက်ပစ္စည်းကို ခွင့်ပြုမိန့်ရရှိပြီးမှသာ ထုတ်ယူခွင့်ရှိသည်။ မိမိသုံးဆိုတဲ့ ဒီနေရာမှာ မိမိသုံးဆိုတဲ့ စကားရပ်ကို ပြည်သူ့လွှတ်တော်ကတော့ အိမ်သုံးဆိုတဲ့စကားရပ်ကို အစားထိုးပြင်ဆင်ထားပြီးတော့ နောက်ပိုင်းဖြစ်တဲ့ လယ်ယာသုံးလုပ်ငန်း သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက်ဖြစ်လျှင် သတ်မှတ်အရေအတွက်ထက် မကျော်လွန်ပါက ခွင့်ပြုမိန့်ရယူရန်မလိုဘဲ ထုတ်ယူနိုင်သည်ဆိုတဲ့ စကားရပ်ရဲ့နောက်မှာလည်း ထိုသို့ ထုတ်ယူခွင့်ရှိကြောင်းကိုလည်း ဒေသခံပြည်သူများ သေချာစွာသိရှိစေရန် နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ကြေညာပေးရမည်ဆိုတဲ့စကားရပ်ကို ထပ်မံဖြည့်စွက်လိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၆ (က)ကို ဖြည့်စွက်ရတဲ့အကြောင်းကတော့ ကျွန်တော်တို့ ၂၀၀၆ ခုနှစ်မှာ ဝွမြို့နယ်မှာ တောင်ညိုကြိုးပြင်ကာကွယ်တောကို သတ်မှတ်ပါတယ်။ အဲဒီကာလက ဒေသခံပြည်သူတွေ လုံးဝမသိပါဘူး။ ၂၀၁၃ ခုနှစ် ရောက်တဲ့အခါမှာ ပုံစံ(၇) ထုတ်တဲ့အခါမှာ အဲဒီ ကြိုးဝိုင်းတောမှာပါနေတယ် ဆိုပြီးတော့ ပုံစံ(၇) ထုတ်မပေးဘူး။ တစ်ခါ သစ်တောဌာနကလည်း ကြိုးဝိုင်း တောထဲမှာရှိတဲ့ရွာတွေကို ဖယ်ရှားရမယ်။ ပြောင်းလဲပေးရမယ်ဆိုတဲ့ လုပ်ငန်းစဉ်ပေါ်လာပါတယ်။ အဲဒီအတွက်ကြောင့် တောင်သူလယ်သမားတွေနှင့် ရွာသူရွာသားတွေ ကျွန်တော့်ဆီကိုရောက်လာ ပါတယ်။ အဲဒီအခါမှာ ၂၀၁၃ ခုနှစ်မှာ ကျွန်တော် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကိုတိုင်လိုက်တယ်။ အဲဒီအခါမှာ ၂၀၁၄ ခုနှစ်ထဲမှာ ဒါတွေအားလုံးကို ပြန်ပြီးတော့ သူတို့စွန့်လွှတ်ပေးထားတာရှိတယ်။ ဆိုလိုတာက သစ်တောကြိုးဝိုင်းတောတွေ ဝိုင်းမယ်ဆိုရင် ဒေသခံပြည်သူတွေနဲ့ တွေ့ဆုံချပြရမယ်။ အနီးအနားမှာ ကျွန်တော်တို့ လယ်ယာဥယျာဉ်ခြံမြေတွေရှိတယ်။ ယခုအခါမှာဆိုရင် ကျွန်တော်တို့ ရွာတွေရော၊ ဘုန်းကြီးကျောင်းတွေရော၊ စာသင်ကျောင်းတွေရော အကုန်လုံးကို တောင်ညိုကြိုးပြင် ကာကွယ်တောတွေကို ထည့်ပြီးတော့ ဝိုင်းလိုက်တာရှိပါတယ်။ နောက်ပိုင်း ကျွန်တော်တို့ တိုင်တဲ့အခါ ကျတော့မှ ၂၀၁၄ ခုနှစ်ထဲမှာ ဧကဘယ်လောက်ရှိလဲဆိုရင် (၁၆၂၀.၁၆)ဧကကို ပြန်ပြီး စွန့်လွှတ်တယ်။ အဲဒီ (၁၆၂၀.၁၆)ဧကထဲမှာ သာသနာပိုင်မြေနှင့်ရွာမြေ (၉၁.၄)ဧက၊ လယ်မြေက (၁၄၁၁.၃၄)ဧက ပါဝင်နေတာရှိတယ်။ ဒါတွေအကုန်လုံးကို သူတို့က ကြိုးဝိုင်းအတွင်းထဲမှာ ကျွန်တော်တို့ကို ဝိုင်းလိုက်တာ။ ဒီရွာတွေ ဒီလယ်တွေဟာ နှစ်ပေါင်းရာချီပြီးရှိနေပါတယ်။ ဒါကြောင့်မို့လို့ သစ်တောက ကြိုးဝိုင်း ဝိုင်းမယ်။ ကြိုးဝိုင်းကို ဖျက်ဆီးမယ်ဆိုရင်လည်းပဲ ဒေသခံပြည်သူတွေနဲ့ စနစ်တကျ သေချာချပြ ဆွေးနွေးပြီးတော့မှ ဒီလယ်ယာအိုးအိမ်ခြံမြေတွေရဲ့ ပြင်ပကနေထည့်ပြီးတော့ ဝိုင်းသင့်တယ်ဆိုတဲ့ အနေနဲ့ ကျွန်တော် ဆွေးနွေးတင်ပြတာဖြစ်ပါတယ်။

ကျွန်တော်တို့ ဒုတိယအပိုဒ်အနေနဲ့ ဒုတိယ ကျွန်တော် တင်ပြထားတဲ့အပိုဒ်တွေမှာကတော့ သူတို့က ဒီ သစ်တောကနေပြီး ကြိုးဝိုင်းကို ပြောင်းလဲဖို့ပဲဖြစ်ဖြစ်၊ ပြန်ပြီးတော့ ထပ်မံပြီးတော့ အသစ်ဖွဲ့ဖို့ပဲ ဖြစ်ဖြစ်၊ ပယ်ဖျက်ဖို့ပဲဖြစ်ဖြစ် သူတို့ပြုလုပ်နိုင်သည်။ အဲဒီလို ပြုလုပ်လို့ရှိရင်လည်းပဲ -----

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၂။**

**ဦးကျော်သီဟ ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါ။ ကျွန်တော်က ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်နှင့် သဘောတူအတည်ပြုပြီး ပေးပို့လာတဲ့ သစ်တောဥပဒေကြမ်းကို ဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် အနူးအညွတ်တောင်းခံအပ် ပါတယ်။ သစ်တောဥပဒေရဲ့ အခန်း (၁) အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်ထဲမှာ အခန်း (၁) ပုဒ်မ ၂ကို

ကျွန်တော် အသစ်ဖြည့်စွက်ချင်ပါတယ်။ သစ်တောဆိုသည်မှာ အမြင့် (၅)မီတာ (၁၆)ပေ(၆)လက်မနှင့် အထက်ရှိသည့် သစ်ပင်များ သို့မဟုတ် ဤအမြင့်သို့ရောက်ရန် အလားအလာရှိသည့် သစ်ပင်များ၏ ရွက်အုပ်များ (၁၀)ရာခိုင်နှုန်းနှင့်အထက် ဖုံးလွှမ်းလျက်ရှိသော ဧရိယာ (၀.၅)ဟက်တာ (၁.၃) ဧကနှင့် အထက်ရှိသည့်နယ်မြေကိုဆိုသည်ဆိုတဲ့ အဲဒီအရာကို အသစ်ဖြည့်စွက်ချင်ပါတယ်။ ကျိုးကြောင်း ဖော်ပြချက်အနေနဲ့ပြောမယ်ဆိုရင် မြေအကျယ်အဝန်း (၀.၆)ဟက်တာ (၁.၃)ဧကအတွင်းမှာ အမြင့် (၅)မီတာ (၁၆)ပေ (၆)လက်မရှိတဲ့ သစ်ရွက်အုပ် (၁၀)ရာခိုင်နှုန်းနှင့်အထက် ဖုံးလွှမ်းမှုရှိတဲ့ ဒါမှမဟုတ် သစ်ပင်များသဘာဝအတိုင်း မူရင်းအခြေအနေအထိ ကြီးထွားနိုင်စွမ်းရှိရမယ်ဆိုတဲ့အတွက် အဲဒီ သစ်တောဆိုတဲ့ အဓိပ္ပာယ်ကို ဖွင့်ချင်တာပါ။ နှစ်ကာလအတန်ကြာ သီးနှံစိုက်ပျိုးထားတဲ့မြေ ဒါမှမဟုတ် မြို့ပြအသုံးချထားတဲ့မြေတွေ ပါဝင်မှုမရှိရဘူးဆိုတဲ့အချက်နှင့် ပြောချင် ဖြည့်စွက်ချင်တာဖြစ်ပါတယ်။

အခန်း (၁) ပုဒ်မ ၂ကိုပဲ ထပ်ပြီးတော့မှ နောက်တစ်ခုအနေနဲ့ ကျွန်တော်ဖြည့်စွက်ချင်တာက သစ်ပင်။ သစ်ပင်ဆိုသည်မှာ ပေါက်ရောက်သည့်ဒေသအရင်း၌ အရွယ်ရောက်သောအခါ (၅)မီတာ (၁၆)ပေ (၆)လက်မနှင့်အထက် အမြင့်အထိရောက်နိုင်တဲ့သစ်ပင်၊ သစ်သားရှိသောအပင် Woody Plant မျိုးကိုဆိုလိုသည်။ ရှင်းလင်းဖော်ပြချက် အဓိပ္ပာယ် ထပ်ပြီးကျိုးကြောင်းဖော်ပြချက်နှင့်ပြောရမယ်ဆိုရင် မူလသစ်တောဥပဒေကြမ်းပါ သစ်ပင်တစ်ပင်ရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်က ဝါး၊ ကြိမ်၊ သစ်ခွ အဲဒါတွေ အကျုံးဝင် ပါဝင်နေပါတယ်။ နိုင်ငံတကာ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ကွဲလွဲနေတယ်။ မူလ အဓိပ္ပာယ်သတ်မှတ်ချက်အတိုင်းဆိုလို့ရှိရင် ဝါး၊ ကြိမ်၊ သစ်ခွ ကူးသန်းရောင်းဝယ်မှု ပြုလုပ်တဲ့အချိန်မှာ သစ်ကဲ့သို့ တင်းကြပ်တဲ့စည်းမျဉ်းစည်းကမ်းများနှင့်အတူ လိုက်နာရမှာ။ ဒါကြောင့်မို့လို့ သစ်ပင်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က နိုင်ငံတကာက လက်ခံကျင့်သုံးတဲ့ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က စံချိန်စံညွှန်းနှင့် သတ်မှတ်တဲ့အတိုင်းသာ ဖြစ်သင့်တဲ့အကြောင်း အကြံပြုတင်ပြရင်း ဖြည့်စွက်တဲ့အကြောင်းပြောခြင်းဖြစ်ပါတယ်။

နောက် အခန်း (၁) ပုဒ်မ ၂ကိုပဲ ထပ်ပြီးတော့မှ အပင်ဆိုတာကို ကျွန်တော်က ပြန်ပြီးတော့မှ ဖွင့်ဆိုချင်တာက အပင်ဆိုသည်မှာ သဘာဝအတိုင်း ပေါက်ရောက်သော သို့မဟုတ် စိုက်ပျိုးထားသော အရွယ်အမျိုးမျိုးရှိသော သစ်ပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှိုနှင့် ယင်းတို့ရဲ့ မျိုးစေ့များကို ဆိုလိုသည် ဆိုပြီးတော့မှ ဖြည့်စွက်ချင်ပါတယ်။ ရှင်းလင်းဖော်ပြချက်ကတော့ အထက်ပါ အပင်ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်အရ ကျန်တဲ့အပင်စာရင်းများ အပင်ဆိုတဲ့စကားရဲ့အောက်မှာ အဓိပ္ပာယ် ထပ်မံဖွင့်ဆိုရန် လိုမယ်ဆိုတာလည်း အကြံပြုတင်ပြအပ်ပါတယ်။

နောက် အခန်း (၁) ပုဒ်မ ၂ကိုပဲ ထပ်ဖြည့်စွက်ချင်တာက ဒါကနည်းနည်းပိုပြီး အရေးကြီး ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ဒီပုဒ်မထဲမှာမပါတဲ့အချက်ကို ဖြည့်စွက်ချင်တာက ပုဂ္ဂလိက သစ်တောလုပ်ငန်း။ ပုဂ္ဂလိက သစ်တောလုပ်ငန်းဆိုသည်မှာ ပုဂ္ဂလိကလုပ်ကိုင်သော သစ်တောစီမံ အုပ်ချုပ်လုပ်ကိုင်ခြင်းလုပ်ငန်းအဝဝကို ဆိုလိုသည်။ ပြောချင်တာက၊ ရှင်းလင်းချင်တာက ပုဂ္ဂလိက သစ်တော စိုက်ခင်းမျိုးစုံ တည်ထောင်ခွင့်ကို ဤဥပဒေအရ ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ သဘာဝတော အုပ်ချုပ်စီမံခြင်းလုပ်ငန်းကို ဒေသခံတိုင်းရင်းသားများအပါအဝင် ပုဂ္ဂလိကကဏ္ဍကနေပြီးတော့မှ နောင်မှာ စာချုပ်စနစ်နှင့် ဆောင်ရွက်ခွင့်ပြုရန်အတွက် ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ ဘယ်လိုပဲ

ဖြစ်ဖြစ် နောက်ပိုင်းမှာဆိုလို့ရှိရင် ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်လာတဲ့အချိန်မှာ ကိုယ်ပိုင်ပုဂ္ဂလိကလုပ်ငန်းကြီးတွေ၊ သစ်တောကြီးတွေလည်း ဖွံ့ဖြိုးလာမယ့်အတွက် အဲဒီဟာက ထည့်သွင်းပြီးတော့မှ ရေးဆွဲဖို့ လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ အသစ်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။

နောက် အခန်း (၂) ကျွန်တော်တို့ အခု အဓိပ္ပာယ်ဖွင့်ဆိုချက်ပြောပြီးသွားတဲ့အခါ မူဝါဒတွေနဲ့ ပတ်သက်တဲ့ အခန်း (၂) ပုဒ်မ ၃မှာ ပုဒ်မခွဲ (ဈ)အနေနဲ့ ကျွန်တော် ထပ်မံဖြည့်စွက်ချင်တဲ့ အကြောင်း တင်ပြချင်ပါတယ်။ သစ်တောမြေအသုံးချမှုသည် အမျိုးသားမြေအသုံးချမှု မူဝါဒနှင့် လိုက်လျောညီထွေဖြစ်စေရန် ဆိုတဲ့အချက်တစ်ချက်ထပ်ပြီးဖြည့်ဖို့ လိုအပ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ အဓိပ္ပာယ်ရှင်းလင်းချက်ကတော့ သစ်တောမြေအသုံးချမှုသာမက တစ်နိုင်ငံလုံးမှာ အခြားသော ကဏ္ဍအသီးသီးမှာရှိတဲ့ မြေအသုံးချမှုအမျိုးမျိုးဟာ အမျိုးသားမြေအသုံးချမှု မူဝါဒအောက်မှာပဲ အကျုံးဝင်ရမှာဖြစ်တဲ့အတွက် အခု ကျွန်တော်တို့ သစ်တောမြေအသုံးချမှုဟာလည်း အမျိုးသားမြေအသုံးချမှု မူဝါဒနှင့် လိုက်လျောညီထွေဖြစ်စေရန် ဆိုတဲ့အချက်လေးကို ထပ်ပြီးတော့မှ ဖြည့်စွက်ပြီး ဖော်ပြခြင်းဖြစ်ပါတယ်။

နောက် အခန်း (၃) ပုဒ်မ ၈ ရဲ့ ပုဒ်မခွဲ (ခ)ကို ပြင်ဆင်ဖြည့်စွက်ချင်ပါတယ်။ (၁) သစ်တောနယ်မြေတွင် ခွင့်ပြုချက်ရယူပြီးတည်ထောင်ထားသော ပုဂ္ဂလိက ကျွန်းစိုက်ခင်းများရှိ ကျွန်းပင်များ (၂) သစ်တောနယ်မြေပြင်ပတွင် တည်ထောင်ပြီး သစ်တောဦးစီးဌာနမှတ်ပုံတင်ထားသော ပုဂ္ဂလိကကျွန်းစိုက်ခင်းများရှိ ကျွန်းပင်များ (၃)ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများနယ်မြေရှိကျွန်းပင်များ (၄) ဒေသခံပြည်သူများမှ မိမိတို့နေအိမ်ခြံဝန်းအတွင်းစိုက်ပျိုးထားရှိသည့် သို့မဟုတ် ပေါက်ရောက်လျက်ရှိသော ကျွန်းပင်များ၊ နောက်ပြီးတော့မှ (၅)က ပုဂ္ဂလိကပိုင်ဆိုင်သည့်မြေ အများပိုင်မြေ၊ သာသနာပိုင်မြေ၊ ဌာနဆိုင်ရာပိုင်မြေနှင့် တပ်ရင်းတပ်ဖွဲ့ပိုင်မြေများတွင် သက်ဆိုင်ရာပိုင်ရှင်၏ သဘောတူခွင့်ပြုချက်ဖြင့် စိုက်ပျိုးထားရှိသော ကျွန်းပင်များ အဲဒါကို ရှင်းလင်းပြောရမယ်ဆိုရင် ကျွန်းပင်များဟာ သဘာဝအလျောက်လည်းပဲ သီးသန့်ပေါက်နိုင်တဲ့အပင်တွေဖြစ်တယ်။ ဒါကြောင့်မို့လို့ ပေါက်ရောက်လာနိုင်တဲ့အတွက်၊ အဲဒီဟာတွေ အကျုံးဝင်ရန်အတွက် ဒီကျွန်းပင်နှင့် ပတ်သက်ပြီးတော့မှ ဒီလို ဖြည့်စွက်တင်ပြခြင်းဖြစ်ပါတယ်။

နောက် အခန်း (၃) ပုဒ်မ ၈ ကို အသစ်ဖြည့်စွက်ချင်တဲ့ဟာလေး တင်သွင်းချင်ပါတယ်။ ပုဒ်မ ၈ ရဲ့ ပုဒ်မခွဲ (ခ)မှာ ပိုင်ဆိုင်ခွင့်ရှိတဲ့ကျွန်းပင်ကို စီးပွားဖြစ် ခုတ်လှဲထုတ်ယူလိုပါက ဤဥပဒေအရ ထုတ်လုပ်ခွင့်ပြုနိုင်သည့် ------------

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၈။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ

အပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်မှ အတည်ပြု၍ ပေးပို့လာသော သစ်တောဥပဒေကြမ်းကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ ကို ထပ်ပြီးတော့ ဖြည့်စွက်ချင်ပါတယ်။ ရှေ့က လွှတ်တော်ကိုယ်စားလှယ်လည်း ပြောသွားပြီ ဖြစ်ပါတယ်။ သစ်တောဆိုသည်မှာ အမြင့် (၅)မီတာ (၁၆)လက်မနှင့် အထက်ရှိသည့် သစ်ပင်များ သို့မဟုတ် ၎င်းအမြင့်သို့ရောက်ရှိရန် အလားအလာရှိသည့် သစ်ပင်များ၏ ရွက်အုပ်များ (၁)ရာခိုင်နှုန်းနှင့်အထက် ဖုံးလွှမ်းလျက်ရှိသော ဧရိယာ (၁.၃) ဧကနှင့် (၀.၅)ဟတ်တာ အထက်ရှိသည့်နယ်မြေကိုဆိုလိုသည်လို့ ဖြည့်စွက်ချင်ပါတယ်။

ပုဒ်မ ၂ (ဖ) မီးသွေးဆိုသည်မှာ ထင်းနှင့်သစ်ကို မီးဖြင့်ဖုတ်၍ လောင်စာအဖြစ် အသုံးပြုသော မီးသွေးလောင်စာတောင့်ကိုဆိုလိုသည်လို့ ဖြည့်စွက်ချင်ပါတယ်။ အခန်း(၃) ပုဒ်မ ၇ ကို ထပ်ပြီးတော့ ဖြည့်စွက်ချင်ပါတယ်။ ပုဒ်မ ၇(ဃ)ကို အပိုဒ်တစ်ခု ထပ်တိုးချင်ပါတယ်။ နှစ်ကာလရှည်ကြာစွာ လက်ရှိအသုံးပြု နေထိုင်လျက်ဖြစ်သော အဝန်းအဝိုင်းတို့အား သစ်တောကြိုးဝိုင်းမြေ သို့မဟုတ် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းမပြုရဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်ကတော့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ကျွန်းစုမြို့နယ် ကတန်ကျွန်းနှင့် သန္တုတ်အုပ်စု ကျေးရွာအုပ်စု (၅)အုပ်စု၊ ကျေးရွာပေါင်း (၂၆)ရွာ၊ အိမ်ထောင်စုပေါင်း (၄၀၀၀)ကျော်နှင့် လူဦးရေ(၂၅၀၀၀)နီးပါးတို့ဟာ လွန်ခဲ့သောနှစ်ပေါင်း (၂၀၀)ကျော်နဲ့အထက်ကပင် တည်ရှိခဲ့တဲ့ ကျေးရွာတွေဖြစ်ပါတယ်။ ကတန်ကြိုးပြင်ကာကွယ်တောကို ၂၀၀၁ ခုနှစ်၊ ဇွန်လ (၆)ရက်နေ့မှာ စတင်သတ်မှတ်ခဲ့ပြီးတော့ ကာကွယ်တောအဖြစ် သတ်မှတ်ပြီး (၁၄)နှစ် ကြာပြီးတဲ့နောက်မှာ ၂၀၁၅ ခုနှစ်မှာ သစ်တောဌာနမှ ဆိုင်းဘုတ်တွေစိုက်ထူခဲ့ပါတယ်။ ပြည်သူများမှ ကြိုးပြင်ကာကွယ်တောသို့ သွားရောက်ကျူးကျော် နေထိုင်ခြင်းမဟုတ်ဘဲ သစ်တောဌာနမှသာလျှင် လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုမရှိဘဲ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

ထိုကဲ့သို့သော အဖြစ်အပျက်မျိုး ကတန်ကြိုးပြင်ကာကွယ်တော၊ ဟိန္ဒားကြိုးပြင်ကာကွယ်တောနှင့် သံတောင်ကြီးမြို့နယ်မှာရှိတဲ့ ဆင်ဖြူတောင်၊ မိတ်သလင်တောင်၊ ငါးမြစ် ယောက်တဝစသောမြို့နယ်နှင့် အခြားသော ဒေသများမှာလည်း တစ်နိုင်ငံလုံးရှိခဲ့ပါတယ်။ ထိုကဲ့သို့သော လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခန်း (၈) ပုဒ်မ ၃၅၆ မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်လို့ ဖော်ပြပါရှိပါတယ်။

ပုဒ်မ ၂၃ (က) ခြေဆင်းမှာ မိမိအိမ်သုံးပရိဘောဂအသုံးအဆောင်များဖြစ်ပါက သက်ဆိုင်သည့် အရာရှိထံသို့ ထောက်ခံချက်ယူရမယ်လို့ ဖော်ပြပါရှိပါတယ်။ ထိုအဆိုပြုချက်ကို ပယ်ဖျက်ချင်ပါတယ်။ အကြောင်းပြချက်ကတော့ လူနည်းစု ဝိသမလောဘသားတို့ကို ထိန်းကွပ်နိုင်ရန် ပြဋ္ဌာန်းလို

သည်မှာ မှန်သော်လည်းပဲ လက်တွေ့မှာ ပြည်သူအများစုအတွက် ပိုမိုအကျပ်အတည်း တွေ့နိုင်သည်ကို ချင့်ချိန်၍ ပယ်ဖျက်သင့်ပါတယ်။

အခန်း (၁၂) ပုဒ်မ ထပ်တိုးချင်ပါတယ်။ အခန်း (၁၂) ပုဒ်မ ၄၈ မည်သူမဆို ခွင့်ပြုမိန့်မရဘဲ ပြည်ပနိုင်ငံသို့ ကျွန်းသစ်ကိုဖြစ်စေ၊ ကျွန်းသစ်မဟုတ်သော တားမြစ်သစ်ပင်မှထွက်ရှိသော သစ်ကို ဖြစ်စေ ဖမ်းဆီးရမိလျှင် ဖမ်းဆီးရမိသူနှင့် ၎င်းကို ခိုင်းစေသူ၊ အခကြေးငွေယူ၍ ခွင့်ပြုသူ မည်သူ့ကို မဆို အနည်းဆုံးထောင်ဒဏ်(၁၀)နှစ်နှင့် အထက်ချမှတ်ရမည့်အပြင် ကျပ်ငွေသိန်း(၅၀)နှင့် ချမှတ်ရ မည်လို့ဖြည့်စွက်ချင်ပါတယ်။

ပုဒ်မ ၄၉ မည်သူ့ကိုမဆို ခွင့်ပြုချက်မရှိဘဲ ပြည်ပနိုင်ငံသို့ ရောင်းချရန်ရည်ရွယ်၍ မီးသွေး ကို ဖမ်းဆီးရမိလျှင် ဖမ်းဆီးရမိသူနှင့် ၎င်းကို ခိုင်းစေသူ၊ အခကြေးငွေယူ၍ ခွင့်ပြုသူ မည်သူ့ကိုမဆို အနည်းဆုံးထောင်ဒဏ်(၃)နှစ် ချမှတ်ရမည့်အပြင် ငွေကျပ်သိန်း(၂၀)လည်း ချမှတ်ရမည်လို့ ဖြည့်စွက် ချင်ပါတယ်။ အကြောင်းပြချက်ကတော့ ကျွန်တော်တို့နိုင်ငံရဲ့ အဓိက သစ်တောပြုန်းတီးမှုဟာ ပြည်ပ နိုင်ငံများသို့ တရားဝင်ခိုးထုတ်မှုရဲ့ အကြောင်းတစ်ရပ် ဖြစ်ပါတယ်။ ပြည်ပနိုင်ငံများသို့ တရားဝင်သစ် ခိုးထုတ်မှုကို ကုန်းကြောင်း၊ ရေကြောင်းအသုံးပြု၍ ထုတ်ယူနေမှုအား အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် တားဆီးကြပါရန် တိုက်တွန်းရင်း သစ်တောဥပဒေကြမ်းကို ဆွေးနွေးအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ပြည်ပနိုင်ငံများသို့ ကုန်းလမ်းဖြင့် သစ်ခိုးယူနေခြင်းကြောင့် မြန်မာ့သစ်တောများ ပြုန်းတီးခဲ့ရသည့် မြင်ကွင်းပုံ (၃)



**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၂။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော့်ကို သစ်တောဥပဒေ ဆွေးနွေးရန်အတွက် Power Point သုံးစွဲခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။

ဒါက ပုဒ်မ ၂ ရဲ့ ဖြည့်စွက်ချက်လေးတွေပဲ ဖြစ်ပါတယ်။ ကျွန်တော် ဒီဥပဒေမှာ ကျွန်တော် အသစ်ဖြည့်စွက်ထားတာတော့ မရှိပါဘူး။ လိုအပ်တဲ့ စကားရပ်လေးတွေ ထည့်သွင်းထားတာပဲရှိတယ်။ ဒါက တားမြစ်သစ်ပင် ဆိုတာ ခုနကိုယ်စားလှယ်တော်ကြီးတွေ အများကြီး ဆွေးနွေးတာရှိပါတယ်။ တစ်ခုချင်းလိုက်ပြင်တာနဲ့စာရင် ခုနကိုယ်စားလှယ်တော်ကြီးတွေဆွေးနွေးတာ ပိုပြီးတော့လည်း သင့်တော်ပါတယ်။ ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့အပင်တွေကို။ ဒါက တစ်နေရာနဲ့ တစ်နေရာ နာမည်တွေကလည်း မတူညီတဲ့အတွက် ဒါတွေဟာ တစ်ခုချင်း ဖော်ပြနေတာထက်စာရင် ခုန ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးတာ ပိုပြီးတော့သင့်တော်ပါတယ်။

ဒါကလည်း ကျွန်တော် စကားရပ် ဖြည့်စွက်ထားတာပါ။ ထိုနည်းလည်းကောင်းပါပဲ။ ကျွန်တော် စကားရပ်လေးတွေ၊ လိုအပ်တာတွေ ဖြည့်စွက်ထားပါတယ်။ ဒါကလည်း ကျွန်တော် ဒီ သစ်တောထွက် ပစ္စည်းတွေမှာ အကျုံးဝင်တဲ့ ရှေ့နောက်ညီညွတ်ဖို့အတွက် ကျွန်တော်ရှေ့မှာ ရေးထုံးလေးတွေ ညီညွတ်ဖို့အတွက် ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော် ရေးထုံး ပြင်ထားတာ ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော် အိမ်သုံးပရိဘောဂနဲ့ ပတ်သက်ပြီးတော့ အိမ်သုံးပရိဘောဂပဲ ဆိုရင်တော့ ကျန်တဲ့ ပရိဘောဂတွေပါ ပါဝင်နေတယ်။ ဒါကြောင့်မို့လို့ ကျွန်းနှင့် ပြုလုပ်ထားသော မိမိအိမ်သုံးပစ္စည်း ပရိဘောဂကို ဆိုလိုတဲ့အတွက် ကျွန်တော် ပြည့်စုံအောင် ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ ဒါကလည်း မြို့နယ်တစ်ခုမှ အခြားမြို့နယ်သို့ ဒါ ကျွန်တော် ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ အောက်မှာလည်း ကျွန်တော် လိုအပ်တဲ့စကားရပ်တွေ ဖြည့်စွက်ထားတာဖြစ်ပါတယ်။

ဒါက ကျွန်တော် သစ်တောနယ်မြေအတွင်းမှာ သစ်တောမြေကနေပြီးတော့ ကျေးရွာနယ်မြေ အဖြစ်ကို မသတ်မှတ်ရသေးတဲ့ အခြေစိုက်နေထိုင်ခြင်းမှအပ ဆိုတဲ့စကားရပ်ကို ထည့်ထားတယ်။ ဒါက ဘာဖြစ်လို့လည်းဆိုတော့ သစ်တောနယ်မြေကနေ မထုတ်ရသေးတဲ့ရွာတွေ အများကြီးရှိတယ်။ ဒါဆိုရင် ဒီလူတွေဟာ ပြစ်ဒဏ်သင့်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီစကားရပ်ကို ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ ဒါက ကျွန်တော် ရှေ့ကအခမဲ့ပွာယ်ဖွင့်ဆိုထားတာနဲ့ညီညွတ်အောင် ပြင်ထားခြင်း ဖြစ်ပါတယ်။ ဒါက ကျွန်တော် အပြစ်ဒဏ်ကို (၂)နှစ် လျှော့ချထားခြင်း ဖြစ်ပါတယ်။ ဒါက ကျွန်တော် ဘာဖြစ်လို့လဲဆိုတော့ ဒီပြစ်ဒဏ်(၂)နှစ် လျှော့ချထားတာကလည်း ကျွန်တော်တို့က အရင် ကျွန်တော် အစိုးရ လျှို့ဝှက်အက်ဥပဒေနဲ့ ညီညွတ်အောင်၊ အစိုးရရဲ့ လျှို့ဝှက်အက်ဥပဒေ ပုဒ်မ မှ အပြစ်ဒဏ် ချမှတ်တာနဲ့ညီညွတ်အောင် ကျွန်တော် ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ ဒါလည်း ကျွန်တော် ပိုမိုပြည့်စုံအောင် ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) (ဥက္ကဋ္ဌ၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ)ကတင်သွင်းသည့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး တင်သွင်းသည့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါ။ ကျွန်တော် အခုဆွေးနွေးမှာကတော့ အလုပ်သမားအငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲဖို့ တောင်းခံအပ်ပါတယ်။

ဒါက ကျွန်တော် ပုဒ်မ ၂(က)ကို ကျွန်တော် ဒါ ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ ဆိုတဲ့စကားရပ်ကို ကျွန်တော် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က အခကြေးငွေ ဆိုတဲ့ဟာကို ကျွန်တော်က ပယ်ဖျက်ထားတာ ဖြစ်ပါတယ်။ ဒီဘက်က အစိမ်းနဲ့ဆွဲထားတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော် ဒီမှာ အခကြေးငွေ ဆိုတဲ့နေရာမှာ ကျွန်တော်တို့ လုပ်အားခ ဆိုတဲ့စကားရပ်ကို ကျွန်တော် ဒီမှာ သုံးစွဲထားတာ ဖြစ်ပါတယ်။ ဒီ အခကြေးငွေဆိုတာ အခကြေးငွေအက်ဥပဒေ၊ အခကြေးငွေဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုထားတာရှိတယ်။ ဒီ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ ဥပဒေနဲ့ ဘယ်လိုမှကိုက်ညီမှုမရှိဘူး။ ဒါကြောင့် ဒီဥပဒေမှာလည်း အခကြေးငွေဆိုတာ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိတဲ့အတွက် အခကြေးငွေ ဆိုတဲ့ စကားရပ်ကို ကျွန်တော် လုပ်အားခ ဆိုပြီးတော့ ပြင်ဆင်ထားခြင်းလည်း ဖြစ်ပါတယ်။

ဒါက ကျွန်တော် ပုဒ်မ ၂ (ဂ) မှာပါ။ အလုပ်ရှင် ဆိုတာ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ ဆိုတာ ကျွန်တော် ဒါကို ကျွန်တော် ပိုမိုကောင်းမွန်အောင် ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ ဒါက ကျွန်တော် ပုဒ်မ ၁၂ ဖြစ်ပါတယ်။ ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့သည်

အလုပ်ရှင် သို့မဟုတ် အလုပ်သမား အဖက်ဖက်မှဆိုပြီးတော့ ကျွန်တော် ပိုမိုပြည့်စုံရန်အတွက် ကျွန်တော် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။

ဒါက ကျွန်တော် ပုဒ်မ ၅၃ ဖြစ်ပါတယ်။ ပုဒ်မ ၅၃ က ဝန်ကြီးဌာနက အလုပ်သမား အငြင်းပွားမှုများကို စိစစ်ဖြေရှင်းရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ညှိနှိုင်းပြီးတော့ အလုပ်သမားရုံးတွေကို ဖွဲ့စည်းတည်ထောင်ရမယ် ဆိုပြီး ကျွန်တော် ရေးထုံးလည်းပြင်ရင်းနဲ့ မူလ ပြဋ္ဌာန်းချက်မှာတော့ ဆောင်ရွက်နိုင်သည်လို့ ဆိုထားတဲ့အတွက် ကျွန်တော်တို့က ဒါ ဖွဲ့စည်း တည်ထောင်ရမည်လို့ ကျွန်တော် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။

ဒါက ကျွန်တော် အသစ်ဖြည့်စွက်။ ဒါ ပုဒ်မ ၂၈(က)ကို ကျွန်တော် ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို အငြင်းပွားသူများ သို့မဟုတ် အငြင်းပွားသူ တစ်ဖက်ဖက်က သဘောမတူရင် ဒီဆုံးဖြတ်ချက်ကို သတ်မှတ်သည့်နေ့မှ ရက်ပေါင်း(၇)ရက်အတွင်း ခုံသမာဓိ ကောင်စီကို တင်ပြလျှောက်ထားနိုင်သည် လို့ ကျွန်တော် ပုဒ်မ ၂၈ ဖြစ်ပါတယ်။

ပုဒ်မ ၅၄(က) က အသစ်ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ အလုပ်ရှင်သည် သပိတ်မှောက်ရာတွင် ပါဝင်ခြင်း မရှိတော့သည့် အလုပ်သမားအချို့ကို အလုပ်ကို ဆက်လက်လုပ်ဆောင်နေတယ်ဆိုရင် ဒီအလုပ်သမားတွေရဲ့ လုပ်အားခ သို့မဟုတ် လစာစရိတ် ထုတ်ပေးရမည် ဆိုတဲ့အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁:၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက် (အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁း၀၈ နာရီအချိန်တွင် ရပ်နားပါသည်။